**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက် (Press Release)**
**၃-၇-၂၀၁၅**
**နေပြည်တော်**

၁။ နိုင်ငံတော်အစိုးရသည် အုပ်ချုပ်ရေးယန္တရား စွမ်းဆောင်ရည် ထိရောက်ထက်မြက်စေရေး ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံကို အင်အားကျစ်လစ်ပြီး စွမ်းဆောင်ရည်မြင့်မား စေရေးရည်ရွယ်ချက်ဖြင့် စနစ်တကျ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်စေလျက်ရှိရာ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသည်လည်း ပြုပြင်ပြောင်းလဲရေး မူဝါဒများနှင့်အညီ ပြောင်းလဲဖွဲ့စည်းမှု များကိုဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ပြည်ထောင်စုဝန်ကြီးရုံး၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနဟူ၍ ဖွဲ့စည်းခဲ့ပါသည်။ ယခုအခါ ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအား ဝန်ကြီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနဟူ၍ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) အရ ဝန်ကြီးဌာန ဖွဲ့စည်းပုံအသစ်ဖြင့် လုပ်ငန်းများအား စတင်လည်ပတ်ဆောင်ရွက်မှုနှင့်အတူ ဝန်ကြီးရုံးအား ဦးစီးရုံးအပြင် အောက်ပါဌာနခွဲ (၅) ခုဖြင့် လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်လျက်ရှိပါသည်-

(က) အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ
(ခ) မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ
(ဂ) စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ
(ဃ) ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ
(င) ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ တို့ဖြစ်ကြပါသည်။

၄။ နိုင်ငံတော်အစိုးရသည် ပြည်သူတို့၏ သဘောထားဆန္ဒ ဖြစ်ရပ်မှန်များကို သိရှိနိုင်ရန်နှင့် နိုင်ငံတော်၏ ရည်မှန်းဆောင်ရွက်လုပ်ကိုင်နေမှုများကို ပြည်သူများ သိရှိနားလည်သဘောပေါက်စေ ရန်အတွက် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာများ၏ အခန်းကဏ္ဍကို အလေးထား၍ ဝန်ကြီးဌာနများ၏ မှန်ကန်သော သတင်းအချက်အလက်များကို မီဒီယာများမှ တစ်ဆင့် ပြည်သူများသိရှိနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲကို ဝန်ကြီးဌာန အားလုံးတွင် ထည့်သွင်းဖွဲ့စည်းခြင်းဖြစ်ပြီး မိမိတို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနတွင်လည်း ၎င်းဌာနခွဲကို (၁-၄-၂၀၁၅) ရက်နေ့မှ စတင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

D:\2015\All\June.docx

၅။ သို့ဖြစ်ပါ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ သိရှိလိုသော သတင်းအချက်အလက်များကို တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ လူတွေ့မေးမြန်းခြင်းဖြင့်သော်လည်းကောင်း အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သတင်းထုတ်ပြန်ကြေငြာအပ်ပါသည် -

**ဆက်သွယ်ရန်** - ဦးမြင့်စိုး၊ လက်ထောက်အတွင်းဝန်၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ
ရုံးဖုန်း - ၀၆၇ ၄၀၈၂၃၉၊ လက်ကိုင်ဖုန်း - ၀၉ ၅၀၃၆၉၅၆
Website - www.commerce.gov.mm

- ဒေါ်ခင်မျိုးရီ၊ လက်ထောက်အတွင်းဝန်၊ ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ
ရုံးဖုန်း - ၀၆၇ ၄၀၈၀၁၃၊ လက်ကိုင်ဖုန်း - ၀၉ ၄၂၀၇၁၄၄၄၀၊
ဖက်စ် - ၀၆၇ ၄၀၈၀၀၄

- ဦးအောင်သူရ၊ ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ ကုန်သွယ်ရေးဦးစီးဌာန
ရုံးဖုန်း - ၀၆၇ ၄၀၈၂၃၀၊ ဖက်စ် - ၀၆၇ ၄၀၈၄၈၄
Email - aungthural12@gmail.com

- ဦးဝင်းမြင့်၊ ညွှန်ကြားရေးမှူး၊ ဈေးကွက်သတင်းအချက်အလက်နှင့် သုတေသနအဖွဲ့၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန
ရုံးဖုန်း - ၀၁ ၃၇၁၂၀၃၊ လက်ကိုင်ဖုန်း - ၀၉ ၄၉၂၂၁၀၇၈၊ ၀၉ ၇၉၉၆၇၇၀၁၁

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ရေးအဖွဲ့**